**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

စာအမှတ်၊ ၄၉၃ / ၃/ရွေးချယ်ရေး(လူတွေ့)/ ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလ ၁၄ ရက်

သို့

______________________

______________________

အကြောင်းအရာ။ **စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းဖြေဆိုရန်ကိစ္စ**

၁။ ကြော်ငြာစာအမှတ်(၃/၂၀၂၃ )နှင့်(၄/၂၀၂၃) ပါ လစ်လပ်ရာထူး (၅၀၂ )နေရာအတွက် ရွေးချယ်ရန် စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင်** အောက်ပါ အစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်ဖြေဆိုရန် အကြောင်းကြားပါသည်-

(က) **စိတ်အခြေအနေစစ်ဆေးရန် သတင်းပို့ရမည့်ရက်၊အချိန်**

၂၀၂၃ ခုနှစ်၊ လ ( )ရက်

(၁) သတင်းပို့ရန် - နံနက် ၀၇ : ၀၀ နာရီ

(၂) စိတ်အခြေအနေစစ်ဆေးခြင်းဖြေဆိုရန် - နံနက် ၀၈ : ၀၀ နာရီ

( ခ ) **လူတွေ့စစ်ဆေးမည့်ရက်၊အချိန်**

၂၀၂၃ ခုနှစ်၊ လ ( )ရက် - နံနက် ၀၉ : ၀၀ နာရီ

( ဂ ) **အထက်စာပိုဒ်-၁(က)ပါ သတင်းပို့ရမည့်နေ့ရက်တွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို မပျက်မကွက် တင်ပြရပါမည်-**

(က) ဘွဲ့လက်မှတ် **မူရင်း** ( သို့မဟုတ် ) မော်ကွန်းထိန်းရုံးမှ ထုတ်ပေးသည့် ဘွဲ့ရရှိကြောင်း ထောက်ခံချက် **မူရင်း** ၊

(ခ) အသက်အထောက်အထားဖော်ပြသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်**မူရင်း (အသက်သတ်မှတ်ချက် ညီညွတ်ခြင်း ရှိ/မရှိစိစစ်ရာတွင် ၎င်းအောင်လက်မှတ်သည် အဓိက အထောက်အထားဖြစ်ကြောင်း သတိပြုရန်ဖြစ်ပါသည်။အမည်ကွဲလွဲမှုရှိလျှင်အမည်ပြောင်းအထောက်အထားကို တစ်ပါတည်း တင်ပြရပါမည်။)**

(ဂ) ဘွဲ့ရသည့်နှစ်တွင် အောင်မြင်သောဘာသာရပ်နှင့်ရမှတ်စာရင်း**မူရင်း**၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား**မူရင်း၊**

(င) အလုပ်သမားမှတ်ပုံတင်(မိတ္တူ)၊

(စ) စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသည့်ချလန် **မူရင်း၊**

၂/သို့

(ဆ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးမှ ရာဇဝတ်ပြစ်မှုကျူးလွန်ဖူးခြင်း နှင့်ပြေး(၄)ပြေးစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ထောက်ခံစာ**မူရင်း [လျှောက်လွှာ တင်သွင်းသည့်ရက်မှ(၆)လအတွင်းတောင်းခံခဲ့သည့်ထောက်ခံစာဖြစ်ရမည်။ ထောက်ခံစာတွင် ထောက်ခံသူ၏ အမည်၊ ရာထူး၊ ကိုယ်ပိုင်အမှတ်နှင့် ရုံးတံဆိပ်တို့ ပြည့်စုံစွာပါရှိရမည်။ ]**

(ဇ) ကျန်းမာကြောင်းဆေးလက်မှတ်**မူရင်း၊(အိမ်ထောင်ရှိအမျိုးသမီးဖြစ်ပါကကိုယ်ဝန် ရှိ-မရှိကိုပါ တစ်ပါတည်းစစ်ဆေးခဲ့ပါရန်)**

(ဈ) လျှောက်ထားသူ၏ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ (ရှေ့တည့်တည့်မှရိုက်ထားပြီး နားရွက်နှစ်ဖက်မြင်စေရမည်။)

**(ည) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဝန်ထမ်းစည်းကမ်း ဆိုင်ရာ ပြစ်ဒဏ်ကျခံဖူးခြင်းရှိ-မရှိနှင့် ကျခံနေဆဲ ရှိ-မရှိ ဖော်ပြရန်၊ ပြစ်ဒဏ်ကျခံဖူးပါက ပြစ်ဒဏ်ကျခံမှုအမျိုးအစားကို ဖော်ပြ၍ သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။**

(ဋ) ပူးတွဲပုံစံတွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး **မိတ္တူ ( ၁၂ ) စောင်** ပြုစုတင်ပြရန်။

၂။ **ဝတ်စားဆင်ယင်မှု**

(က)**အမျိုးသားများရုပ်အင်္ကျီ(အဖြူ)ကော်လာလည်ကတုံးတိုက်ပုံအင်္ကျီပုဆိုးညှပ်ဖိနပ်ဝတ်ဆင်လာပါရန်။**

(ခ)**အမျိုးသမီးများရင်ဖုံးအင်္ကျီလက်ရှည်(သို့မဟုတ်)လက်စက၊ ထမီ၊သဲကြိုးဖိနပ်ဝတ်ဆင်လာပါရန်။**

၃။ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းအတွက် ခုံအမှတ်မှာ ( ) ဖြစ်ပါသည်။

၄။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးရန်အတွက် လာရောက်ရသည့် ခရီးစရိတ်ကို ဤအဖွဲ့က ထုတ်ပေး မည်မဟုတ်ပါ။

၅။ **လျှောက်ထားစဉ်က နိုင်ငံ့ဝန်ထမ်းမဟုတ်သော်လည်း လက်ရှိအချိန်တွင် နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက ယခုရာထူးလျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိကြောင်း၊ မိမိလက်ရှိတာဝန် ထမ်းဆောင်ရာ ဌာနမှတစ်ဆင့် တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို လူတွေ့စစ်ဆေးခံရန် လာရောက်ချိန်တွင် တင်ပြရမည်ဖြစ်ပါသည်။**

၆။ ယခင်က နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ပြီး နုတ်ထွက်ခဲ့သူဖြစ်ပါက ယင်းဌာနမှ နုတ်ထွက် ခွင့်ပြုသည့် ရုံးအမိန့်စာမူရင်းနှင့် မိတ္တူကို ယူဆောင်တင်ပြရန်နှင့် တင်ပြနိုင်ခြင်းမရှိပါက **လူတွေ့စစ်ဆေးခံယူခွင့်ပြုမည် မဟုတ်ကြောင်း** အသိပေးပါသည်။

14.9.2023

ညွှန်ကြားရေးမှူးချုပ်( ကိုယ်စား )

( စုစုအေး ၊ ညွှန်ကြားရေးမှူး )